စနေနေ့တိုင်းထုတ်ဝေသည်

မိုးဟိန်း(သူရိယနေဝန်း)

# သူရိယနေဝန်း
# THE SUN RAYS

Vol.1 No.166 WEEKLY NEWS JOURNAL 23rd September 2017

# ဒီလူတွေဦးသန်းရွှေနဲ့ပဲတန်တယ်

ထောင်သူ့ရဲ့ဘအုပ်



၂၀၁၇ စက်တင်ဘာ (၁၂)ရက်နေ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာစီနာ မြန်မာပြည်မှထွက်ပြေးလာသည်ဟုဆိုသော သူများ
[illegible] စခန်းသို့ သွားရောက်ပြီး အားပေးနေပုံကို ဘင်္ဂလားဒေ့ရှ်မီဒီယာများမှ ကမ္ဘာသို့ ဝါဒဖြန့်ပြီး မျက်ရည်ချူနေသော [illegible]

www.free4reader.com

စနေနေ့တိုင်းထုတ်ဝေသည်

မိုးဟိန်း(သူရိယနေဝန်း)

# သူရိယနေဝန်း
# THE SUN RAYS

Vol.1 No.166 WEEKLY NEWS JOURNAL 23rd September 2017

# ဗိုလ်နေဝင်း သို့မဟုတ် ဧကရာဇ်တော်မှန်းတဲ့လူ

တောင်သမန်အင်း ကောင်း

အပိုင်း (၅)



၁၉၅၇၊ အောက်တိုဘာ (၁၇) ရက်က အင်္ဂလန်ပြည် လန်ဒန်မြို့ ဟီးသရိုးလေဆိပ်သို့ ဆိုက်ရောက်လာသော ဗိုလ်နေဝင်း ဘုရင့်ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးနေပုံ။

www.free4reader.com

တောင်သမန်အင်း ဇေကင်း

# ဗိုလ်နေဝင်း သို့မဟုတ် ဧရာဝတီမုန်းတဲ့လူ

အပိုင်း (၅)


အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယားပြည်နယ်၊ လော့စ်အိန်ဂျလိစ်မြို့အနီးရှိ အဝေးပြေးလမ်းမကြီးတစ်ခု ကို လေရဟတ်လျှပ်စစ်ဓာတ်အားတိုင်များနောက်ခံဖြင့် တွေ့မြင်ရပုံ။

ဒုဗိုလ်မှူးကြီးချစ်ဆွေက ဗိုလ်နေဝင်းနှင့် စကားစမြည်ပြောရန် ကြိုးစားသည့်အခါ ပထမတွင် ဗိုလ်နေဝင်းမှာ ဂရုမစိုက်ချေ။ သို့သော် ဗိုလ်ချစ်ဆွေက မြင်းအကြောင်းဆီသို့စကားကို ဆွဲယူသွားသောအချိန်တွင်တော့ ဗိုလ်နေဝင်းသည် စိတ်ပါလက်ပါဖြစ်လာသည်။ ဗိုလ်နေဝင်းက ကြိုက်သည်ဟုပြောသော မြင်းမှန်သမျှကို အကောင်းဆုံးဟု ဗိုလ်ချစ်ဆွေကလည်း လိုက်ပြောပေးခဲ့သည်။

စကားပြောရင်း ပြောရင်း ဗိုလ်နေဝင်း မျှော်လာတော့သည်။ အကြောင်းမှာ ခပ်လှမ်းလှမ်းတွင်မြင်နေရသော မီးရောင်တလက်လက်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ ထိုမီးရောင်မှာ ရန်ကုန်ရှိ စစ်ရုံးချုပ်ကို (၅)မိနစ်တစ်ကြိမ် သတင်းလှမ်းပို့နေသော ဆက်သွယ်ရေး ရုံးခန်းဖြစ်သည်။ ဗိုလ်နေဝင်းသည် ထိုမီးရောင်ကို မြင်ပြီး ဘာတွေလဲဟု ဆိုကာ အနီးရှိစစ်ဗိုလ်များကို မေးဟစ်ဆူပူပြီး ၎င်းဆက်သွယ်ရေးစက်ကို ပိတ်ခိုင်းလိုက်သည်။

နောက်ဆုံး ဗိုလ်နေဝင်း စိတ်ပြန်ငြိမ်သွားပြီး အိပ်ရာဝင်ရန်သဘောတူလိုက်သည်။ သို့သော် ဗိုလ်နေဝင်းသည် မှုလသတ်မှတ်ထားသော အထူးဘန်ဂလိုတွင် မအိပ်လိုကြောင်း ပင်လယ်ကမ်းစပ်မှ ကုးတို့ဆိပ်တွင်သာ အိပ်မည်ဟု တောင်းဆိုခဲ့သောကြောင့် စစ်သားများက သူ၏မွေ့ရာကို အလျင်အမြန်သယ်ပို့ပေးခဲ့ရသည်။ လုံခြုံရေးတာဝန်ယူရသူများလည်း နံနက်မိုးလင်းချိန်အထိ အနား၌ စောင့်ပေးခဲ့ရသည်။

×××

မျက်မှန်ဗိုလ်မှူးချုပ်တင်ဦးကတော့ ပြောဖူးသည်မှာ **'အမေကြီး စိတ်ညစ်ရင် အကြာကြီးမညစ်ဘူး'** ဟု လုပ်ဖော်ကိုင်ဖက်များကို ပြောခဲ့ဖူးသည်။ သို့သော် ဗိုလ်တင်ဦးကိုယ်တိုင်လည်း **'တစ်နေ့တွင် သူကိုယ်တိုင် ဖယ်ထုတ်ခံရနိုင်သည်ဟု စိတ်ထဲမှာ ထင်မြင်နေသည့်အကြောင်း'** ယုံကြည်သူများကို ဖွင့်ပြောခဲ့ဖူးသည်။

×××

နောက်ဆုံးတွင်တော့ ဗိုလ်နေဝင်းသည် ဗိုလ်မှူးချုပ်တင်ဦးကိုလည်း စတင် သံသယဝင်လာပါတော့သည်။

၁၉၈၁ ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ တွဲဖက်အထွေထွေအတွင်းရေးမှူး **ဦးသောင်းကြည်** သည် ဂေါက်ရိုက်နေစဉ် နှလုံးရောဂါဖြင့် ရုတ်တရက် ကွယ်လွန်သွားသည်။ ဗိုလ်နေဝင်းကိုယ်တိုင် ဆေးရုံသို့ရောက်လာပြီး ပါတီထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံသည်။ ဗိုလ်နေဝင်းရောက်မလာခင် ဗိုလ်မှူးချုပ်တင်ဦးက တင်ပြရန်ပြင်ဆင်ထားသည်။ ဗိုလ်တင်ဦး ပြင်ဆင်ထားသည်မှာ ဦးသောင်းကြည်၏ရာထူးနေရာကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး သူရကျော်ထင်ကို ပေးအပ်ရန် ဖြစ်သည်။ အကြောင်းမှာ ဗိုလ်ချုပ်ကြီးသူရကျော်ထင်အား အာဏာအလွန်ရှိသော စစ်ဘက်ရာထူးမှ ပါတီရာထူးသို့ ပြောင်းရွှေ့လိုက်ရန် ဗိုလ်မှူးချုပ်တင်ဦးက စဉ်းစားထားသည်။

သို့သော် ဗိုလ်နေဝင်းသည် အလွန်အကွက်မြင်သူဖြစ်သည်။ ဗိုလ်နေဝင်းအနေဖြင့် ဗိုလ်ချုပ်ကြီးသူရကျော်ထင်ကို စစ်တပ်တွင်သာ ဆက်ထားချင်သည်။ ဦးသောင်းကြည်၏နေရာ အစားထိုးရာထူးခန့်ထားရေးနှင့်ပတ်သက်၍ ဗိုလ်တင်ဦး၏ တင်ပြမှုကို နားထောင်အပြီးတွင် ဗိုလ်နေဝင်းက ဗိုလ်မှူးချုပ်တင်ဦးကို ပါတီတွဲဖက်အတွင်းရေးမှူး လုပ်ရန်အမိန့်ချလိုက်သည်။ ဗိုလ်တင်ဦးသည်ကား အငိုက်မိသွားခဲ့သည်။ ဤအချက်ကိုနိုင်ငံရေးလေ့လာသူများက နိုင်ငံရေးအကွက်ရွှေ့ခြင်းကို ကျွမ်းကျင်သူတစ်ယောက်ဖြစ်သော ဗိုလ်နေဝင်းက ဗိုလ်မှူးချုပ်တင်ဦး၏နောင်လာမည့်ခြေလှမ်းများကို ကြိုတင်တွက်ဆမိနေသည့်အတွက် တားဆီးသည့်အနေဖြင့် ထိုသို့ လုပ်ဆောင်လိုက်ခြင်းဖြစ်သည်ဟု ဆိုကြသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီတွင်းက လူအများစုကလည်း ထိုထင်မြင်ချက်ကို သဘောတူခဲ့ကြသည်။

×××

ထို့မှစ၍ နောက်ပိုင်းတွင် ဗိုလ်နေဝင်းနှင့် ဗိုလ်မှူးချုပ်တင်ဦးအကြားတွင်အက်ကြောင်းများ ပေါ်လာသည့်အခါ ဗိုလ်တင်ဦး၏ပြိုင်ဘက်များက ဗိုလ်နေဝင်းဆီသို့ သတင်းများ တိုက်ရိုက်ပို့ပြီး မီးလောင်ရာ လေပင့်ကြသည်ဟု ဆိုသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တွဲဖက်အတွင်းရေးမှူး ဖြစ်လာပြီးနောက် ဗိုလ်မှူးချုပ်တင်ဦးက မြန်မာ့အသံ အပါအဝင် အစိုးရပိုင် လုပ်ငန်းများ၊ စီမံကိန်းများမှတစ်ဆင့် မွန်ယဉ်ကျေးမှုကို မြှင့်တင်နိုင်ဖို့ ကြိုးစားခဲ့သည်။ သူသည် ဗိုလ်နေဝင်း မရှိတော့သည့်အခါတွင် မြန်မာနိုင်ငံကို အုပ်ချုပ်သော 'မွန်မင်းလောင်း'ဟုပင် ကောလာဟလများ ထွက်ပေါ်လာခဲ့သည်။ ဗိုလ်မှူးချုပ် တင်ဦးကို ထိခိုက်ပျက်စီးစေပြီး ကောလာဟလများ ထုတ်လွှင့်နေသော လှုပ်ရှားမှုများ၏နောက်ကွယ်တွင် စစ်အရာရှိများ ပါဝင်နေပြီး ထိုအထဲတွင် အမိကတစ်ဦးမှာ ၁၉၈၈ လူထုအုံကြွမှုအတွင်းက **'ရန်ကုန်မြို့က သားသတ်သမား'** ဟု နာမည်တွင်ခဲ့သော **ဦးစိန်လွင်** လည်း ပါဝင်သည်။ ဦးစိန်လွင်သည်လည်း မွန်လူမျိုး တစ်ဦးဖြစ်သည်။

×××

## ဗိုလ်မှူးချုပ်တင်ဦး၏သား မင်္ဂလာဆောင်

ဗိုလ်မှူးချုပ်တင်ဦး၏သားဖြစ်သူ ကိုစောလွင်၏ မင်္ဂလာဆောင်အခမ်းအနားကို ဗိုလ်နေဝင်း တက်ရောက်ချီးမြှင့်ပေးပါရန် ဗိုလ်တင်ဦးမှ ကြိုတင်ဖိတ်ကြားထားပြီး ဖြစ်သည်။ သို့သော် ၎င်းကြီးကျယ်ခမ်းနားသောမင်္ဂလာပွဲကြီးမကျင်းပမီ ရက်အနည်းငယ်အလိုတွင် ဗိုလ်နေဝင်းသည် အထူးလေယာဉ်ဖြင့် ပေလီကမ်းခြေသို့ ရုတ်တရက်ထွက်သွားခဲ့သည်။ ဗိုလ်နေဝင်းကို တက်ရောက်ချီးမြှင့်ဂုဏ်ပြုပေးရန် ဖိတ်ကြားခဲ့သော်လည်း သူက မတက်ရန် ဆုံးဖြတ်ခဲ့သည်။ ထို့နေ့ကမင်္ဂလာပွဲသို့ ဗိုလ်နေဝင်း ရောက်မလာတာနှင့်ပတ်သက်၍ မင်္ဂလာပွဲလာ ဧည့်သည်များအကြား တီးတိုးပြောနေကြသော်လည်း ဗိုလ်မှူးချုပ်တင်ဦးသည်ကား ဟန်မပျက်ဘဲ ဟန်ဆောင်ပြုံးပြီးနေခဲ့ရသည်။

သို့သော် ဧည့်သည်များ အားလုံးပြန်သွားသည့်နောက်တွင်မူ ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်မှူးချုပ်တင်ဦးသည် အရုပ်ကြိုးပြတ် ဖြစ်သွားပြီး ဝီစကီပုလင်းတစ်လုံးဖွင့်ကာ 'သူ၏အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများနှင့်အတူ ဝိုင်းဖွဲ့သောက်ရင်း ဗိုလ်နေဝင်း၏ဒေါသကိုကြောက်ရွံ့မိကြောင်း ဖွင့်ပြောခဲ့သည်။

## ဗိုလ်မှူးချုပ်တင်ဦး၏နောက်ဆုံးနေ့များ

နောက်ဆုံး ၁၉၈၃ ခုနှစ် ရောက်သောအခါတွင် ဗိုလ်မှူးချုပ်တင်ဦးကို နိုင်ငံပိုင်ဘဏ္ဍာအလွဲသုံးစားလုပ်မှုနှင့်ဖမ်းဆီးပြီး ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်လိုက်သည်။

သူ၏သားဖြစ်သူ ကိုစောလွင်၏ ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲကိစ္စ၊ မင်္ဂလာပွဲအပြီး ဟန်နီးမွန်းခရီးကို ထိုင်းနိုင်ငံသို့သွားသည့်အခါတွင် ဘန်ကောက်မြို့ မြန်မာသံရုံးက ကော်ဖောနီခင်းပြီး ကြိုဆိုခဲ့သည့်ကိစ္စများ၊ ပြည်ထဲရေးဝန်ကြီးဦးဘိုနီနှင့်ဆက်စပ်နေသောကိစ္စများတွင် ဗိုလ်မှူးချုပ်တင်ဦးကိုယ်တိုင် အကျင့်ပျက်ခြစားမှုများရှိခဲ့ကြောင်းကို အစိုးရက စွပ်စွဲရေးသားခဲ့သည်။

နိုင်ငံရေးလေ့လာသူများက သုံးသပ်ရာတွင် ဗိုလ်မှူးချုပ်တင်ဦးသည် အာဏာကို စုစည်းနိုင်ရန် လှုပ်ရှားသည်မှာ အလွန်မြန်သွားသည့်အတွက် ဗိုလ်မှူးချုပ်တင်ဦး ဖယ်ရှားခံခဲ့ရသည်ဟု ခန့်မှန်းကြသည်။

## ထောင်ထဲရောက် ဗိုလ်မှူးချုပ်တင်ဦး

အင်းစိန်ထောင်ထဲ၌ ရှိနေစဉ် ဗိုလ်မှူးချုပ် (ဟောင်း) တင်ဦးသည် ဗိုလ်နေဝင်းထံသို့ အသနားခံစာတစ်စောင် ရေးသားပေးပို့ခဲ့သည်။ စာထဲတွင် 'သူ့အနေဖြင့် အကျဉ်းထောင်အတွင်း လက်တုံ့ပြန်ခံရမှာကို ကြောက်လန့်နေပြီး မျောက်ပွဲလို သူ့အား ဝိုင်းကြည့်ခံရမည်ကို မလိုချင်ပါ'ဟု ရေးသားခဲ့သည်။

၁၉၈၈ ခုနှစ် ရှစ်လေးလုံးအရေးတော်ပုံကာလအတွင်း အင်းစိန်ထောင်ဆူသည့်အချိန်တွင် အသတ်ခံရမည်စိုးရိမ်ရသည့်အတွက် ထောင်အရာရှိများက ဗိုလ်မှူးချုပ်တင်ဦးအား လုံခြုံစိတ်ချရသည့် ယိမ်းသိမ်းရေးစခန်းတစ်ခုသို့ အလျင်အမြန်ပြောင်းရွှေ့ပေးခဲ့ရသည်။

၁၉၈၈ စက်တင်ဘာ (၁၈) နေ့တွင် အာဏာသိမ်းယူလိုက်ပြီးသည့်နောက်ပိုင်းတွင် ဗိုလ်မှူးချုပ်တင်ဦးကို ထောင်မှလွှတ်ပေးခဲ့သည်။

ထောင်မှလွှတ်ပြီး (၁၀)နှစ်အကြာ ၁၉၉၈ ခုနှစ် ဒီဇင်ဘာ (၃၀)ရက်၊ အသက်(၇၀)နှစ်အရွယ်တွင် ဗိုလ်မှူးချုပ်တင်ဦး ကွယ်လွန်သွားခဲ့သည်။ ဗိုလ်မှူးချုပ်တင်ဦးသည် ဗိုလ်နေဝင်းကို သူ့ဘယ်တော့မှ သစ္စာမဖောက်ခဲ့ပါဘူးဟု ရင်းနှီးသူများအား မကြာမကြာ ပြောပြခဲ့သည်။ ထောက်လှမ်းရေး အကြီးအကဲဟောင်း ဗိုလ်မှူးချုပ်တင်ဦးသည် အာဏာရှင် ဗိုလ်နေဝင်း၏ လျှို့ဝှက်ချက်များကို အုတ်ဂူထဲ ရောက်သည့်အချိန်အထိ ထုတ်မပြောဘဲ ထိန်းသိမ်းသွားခဲ့သည်။ ဗိုလ်မှူးချုပ်တင်ဦး ကွယ်လွန်သွားချိန်တွင် အသုဘအခမ်းအနားသို့ ဗိုလ်နေဝင်း သွားရောက်ခဲ့ပြီး ဝမ်းနည်းကြေကွဲကြောင်း ပြောကြားခဲ့သည်။

×××

ဗိုလ်နေဝင်း၏ ဘဝတစ်လျှောက်တွင် ဗိုလ်တင်ဦးကဲ့သို့ ပုဂ္ဂိုလ်များကို သူလိုအပ်သည့်အချိန်တွင် အာဏာအပြည့်အဝပေးအပ်ခဲ့ပြီး နိုင်ငံရေးကစားကွက်များ ရွှေ့ခိုင်းခဲ့သည်။ ဗိုလ်နေဝင်းသည် ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်၊ ဗိုလ်တင်ဖေ၊ ဗိုလ်ကျော်စိုး၊ ဗိုလ်ချစ်မြိုင်၊ ဗိုလ်ချုပ်ကြီးသူရတင်ဦး စသည်တို့ကိုလည်း လိုအပ်သည့်အချိန်တွင် ထုတ်သုံးခဲ့ပြီး သူ့အား ပန်းချင်းယှဉ်လာသည်ဟု သံသယဝင်လာသည့်အချိန်တွင် ရှင်းထုတ်ပစ်ခဲ့သည်။

ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်၊ ဗိုလ်တင်ဖေ တို့မှာ ရာထူးမှအထုတ်ခံရပြီး တပ်မတော်မှ အဖယ်ရှားခံခဲ့ရသော်လည်း နောက်ပိုင်း ဗိုလ်ချုပ်ကြီးသူရတင်ဦးနှင့် ထောက်လှမ်းရေးမျက်မှန်ကြီးဗိုလ်တင်ဦးတို့သည်ကား နှစ်ရှည်ထောင်နန်းစံခဲ့ရသည်။

မျက်မှန်ကြီးဗိုလ်မှူးချုပ်တင်ဦး၏ဘဝဇာတ်လမ်းသည် ဗိုလ်နေဝင်း၏ရာဇဝင်တွင် အလွန်ကြေကွဲသံဝေဂရစရာအဖြစ်အပျက်များထဲမှ တစ်ခုသာ ဖြစ်လေသည်။

Credit to: (1) ဒုတိယဗိုလ်မှူးကြီးကြည်ဆွေ(ငြိမ်း) ရေးသားသော 'အာဏာရှင်ကြီး၏အတွင်းရေးများ'။

Credit to: (2) အင်တာနက်အွန်လိုင်းစာမျက်နှာများမှ အချက်အလက်များစုစည်းမှု။

www.free4reader.com

စနေနေ့တိုင်းထုတ်ဝေသည်

မိုးဟိန်း(သူရိယနေဝန်း)

# သူရိယနေဝန်း
# THE SUN RAYS

Vol.1 No.166 WEEKLY NEWS JOURNAL 23rd September 2017

# ဘိုဘိုကျော်ငြိမ်းပြောတဲ့
# သစ္စာဖောက် မောင်ဇာနည် (ခ) ဂိုဇာနည်





www.free4reader.com

# ဘိုဘိုကျော်ငြိမ်းပြောတဲ့ သစ္စာဖေ


NCGUB မှ ဒေါက်တာစိန်ဝင်း(ဝဲ-အစွန်)နှင့် မောင်ဇာနည်(ဝဲ-၃)တို့အား အမေရိကန်ပြည်တွင် ၁၉၉၁ ခုနှစ်က တွေ့ရစဉ်။


ဗိုလ်ချုပ်ခင်ညွန့်ခေတ် ထောက်လှမ်းရေးမှ ဗိုလ်မှူးချုပ်သန်းထွန်းနှင့်ဗ

သစ္စာဖောက် မောင်ဇာနည်

ရှိဟင်ဂျာအမည်ခံ ဘင်္ဂါလီတွေအရေး ကြီးကျယ်လာတော့ 'သူတို့ ရိုဟင်ဂျာလို့သာ ခေါ်ကြပါ' ဆိုပြီး သူကိုယ်သူ ဗမာစစ်စစ်၊ မန္တလေးသားစစ်စစ်ကနေ 'ရှိဇာနည်' လို့ နာမည်ပြောင်းလိုက်တဲ့ ခေတ်သစ်သစ္စာဖောက် 'မောင်ဇာနည်' ဟာလည်း နာမည်ထွက်လာသလို သတ်ချင်သူတွေလည်း တန်းစီနေကြခဲ့ရပါတယ်။

xxx

မောင်ဇာနည်ရဲ့ နာမည်ပျက် နာမည်ဆိုးနဲ့ ကျော်ကြားလာမှုကို လေ့ကျင့်စီးပြီး မိမိနာမည်ထွက်အောင် ကြိုးစားလာသူတွေလည်း ပေါ်ပေါက်လာပါသေးတယ်။ မောင်ဇာနည်ရဲ့ အဖြစ်အပျက်ကို ဂဃနဏ သိသည် မဟုတ်ဘဲ လေဖမ်းအရမ်းကာရော အတင်းကို သတင်းလုပ်လာသူတွေလည်း ရှိခဲ့ပါတယ်။

စာရေးသူသည် သူတစ်ပါးအကြောင်းကိုရေးရသည်ကို စိတ်မကြည်နူးနိုင်ပါ။ စာရေးသူ၏ 'ဝံ' မဟုတ်ပါ။

## ဘင်္ဂါလီကုလားများ၏ အငှားပါးစပ်ဖြစ်လာသော မောင်ဇာနည်

သို့သော် မောင်ဇာနည်သည် ဘင်္ဂါလီကုလားတွေရဲ့ လက်ဝေခံ အမည်ခံဗမာတစ်ယောက်၊ Mouth-piece ဟုခေါ်သည့် အငှားပါးစပ် ဖြစ်လာပါသည်။

မောင်ဇာနည်၏နောက်ကွယ်က ဘင်္ဂါလီဆရာကြီးများရှိကြပြီး ၎င်းတို့၏နောက်ကွယ်တွင် ဆော်ဒီရေနံဒေါ်လာ တွေ ရှိပါသေးသည်။ ဒါကြောင့် ရေနံဒေါ်လာတွေ နှံ့ထားတဲ့ ကမ္ဘာ့လစ်ဘရယ်မီဒီယာက တက်ညီလက်ညီ ရိုဟင်ဂျာဆိုသူ ဘင်္ဂါလီအရေးကို လှုံ့ဆော်နေကြသလို ဆော်ဒီရဲ့ရေနံဒေါ်လာအပေါ် အမှီသဟဲပြုနေရတဲ့ကုလသမဂ္ဂကလည်း အဆက်မပြတ်တိုက်ခိုက်ရန်ဆောင်လျက်ရှိကြပါတယ်။

ထိုကြောင့် မောင်ဇာနည်ကို ပဂ္ဂိုလ်တစ်ဦးယဲ အရှေ့ကအော်နေသည်ဟု သီးခြားခွဲကြည့်၍မရတော့ပါ။ တစ်နွယ်ငင်တစ်စင်ပါဆိုသလို အထွေးလိုက် အစုလိုက် အသင်းလိုက် တစ်ကမ္ဘာလုံးက မွတ်ဆလင်အုပ်စုနှင့် မွတ်ဆလင်အကြမ်းဖက်များကိုပါ အလေးထား ဂရုပြု နားလည်အောင် ကြိုးစားကြရပါတော့မည်။

ထို့ကြောင့် မောင်ဇာနည်အကြောင်း မြင်သူလူထုက သိစေလိုသလို နောက်ကွယ်က ဆော်ဒီလက်မည်းကြီးများနှင့်အပေါင်းအပါ လစ်ဘရယ်များ၊ လူ့အခွင့်အရေးကို တစာစာအော်နေကြသည့် လစ်ဘရယ်အတွေးအခေါ်များကိုပါ မြင်သူများက သိစေလိုအပ်လာပါပြီ။ မောင်ဇာနည်သည် ဖားအော့သ်သာဖြစ်ပါသည်။ နောက်က ထက်ကြပ်မကွာကပ်ပါလာသည့် မွတ်စ် 'မြွေဟောက်' က အဆိပ်ပိုပြင်းပါသေးသည်။ မြွေဟောက်နောက်က လူမျိုးနှင့်ဘာသာကို မျိုမည့် ဝဟာဘီ (Wahhabi) - Annaconda (ကမ္ဘာ့အကြီးဆုံးမြွေကြီး) ကလည်း ဖားသံ နောက်မှာပါလာပါသေးသည်။ ထို့ကြောင့် ဇာနည်၏ အန္တရာယ်တစ်ခုတည်းသာ မဟုတ် နောက်က အန္တရာယ်တွင်းစက်ကိုပါ သိရန် လိုလာပါသည်။

ထို့ကြောင့် မောင်ဇာနည် သစ္စာဖောက်မှုစ၍ အန္တရာယ်အသွယ်သွယ်ကို တင်ပြလိုက်ရပါသည်။

xxx

မောင်ဇာနည်သည် (၈၈) ကျောင်းသားတစ်ဦး မဟုတ်ပါ။ သို့သော် အမေရိကန်ရောက် အနေရှေးပါသော လူသိများသော (၈၈) ကျောင်းသားခေါင်းဆောင်အားလုံးလိုလိုနှင့်သိကျွမ်းသလို အမှန်အတိုင်း ဝန်ခံရလျှင် အစွမ်းထက်သည် အရည်အချင်းသာသည်ဟုဆိုလျှင် မှားမည် မဟုတ်ပါ။ အကြောင်းမှာ မောင်ဇာနည်သည် သွက်လက်ချုံမက အလွန်ပီရိယရှိသူတစ်ယောက်ဖြစ်နေသောကြောင့်ဟုထင်မိသည်။ ထူးခြားသည့်အချက်မှာ မောင်ဇာနည်သည် အင်္ဂလိပ်စကားပြောအလွန်ကောင်း၍ အင်္ဂလိပ်စာအရေးပါ ကောင်းနေမြန်သည်။

စာရေးသူတို့က အင်္ဂလိပ်မက်သခစ်ကျောင်းထွက်တွေမို့ အင်္ဂလိပ်စာ အခြေခံကောင်းခဲ့ရပါသည်။ မောင်ဇာနည်၏ ငယ်စဉ်အကြောင်းကို မသိရ၍ အတပ်မပြောနိုင်သော်လည်း သူ အင်္ဂလိပ်စာကို ကျွမ်းကျင်သည်ကိုတော့ မငြင်းနိုင်ပါ။

စာရေးသူသည်ငယ်စဉ်မွေးကတည်းက အားနာစိတ်နှင့် ကြောက်စိတ်မပါခဲ့သည့်အပြင် ငယ်စဉ်ကပင် ရှွာခဲ့ပါသည်။ ထို့ကြောင့် အမေရိကန်ယဉ်ကျေးမှုနှင့် ထပ်တူကျနေသည့်အလား အံဝင်ခွင်ကျဖြစ်ခဲ့ရပါသည်။ မောင်ဇာနည်သည်လည်း အလွန်ရှွာပါသည်။ အင်္ဂလိပ်လို (Aggressive) ဖြစ်တယ်လို့ဆိုလိုချင်တာပါ။ ထို့ကြောင့် မောင်ဇာနည်၏ စရိုက်နှင့် အမေရိကန်ယဉ်ကျေးမှုမှာ သဟဇာတဖြစ်နေပါတော့သည်။ အမေရိကန်ရောက် (၈၈) ကျောင်းသားအများစုဟာ စီအေတီ(ကက်) ဘီအေတီ (ဘက်)လုပ်နေချိန်မှာ မောင်ဇာနည်ဟာ အင်္ဂလိပ်စကားကို ဇက်သေနတ်ပစ်သလို ငြင်းဆိုဆွေးနွေးနိုင်ပါသည်။

မောင်ဇာနည်နဲ့ စာရေးသူတွေ့ဆုံသိကျွမ်းကြတော့ မောင်ဇာနည်ဟာ လျှမ်းလျှမ်းတောက်နာမည်ကြီးနေပါပြီ။ ဒေါ်အောင်ဆန်းစုကြည်နေအိမ် အကျယ်ချုပ်ထိန်းသိမ်းခံနေရစဉ် ၂၀၀၀ ခုနှစ်ရဲ့ နှစ်ဦးအစနှစ်တွေမှာ မောင်ဇာနည်ဟာ ဒေါ်စုပြီးလျှင် နာမည်အရဆုံး ဗမာလှုပ်ရှားသူ ဗမာဒီမိုကရေစီအိမ်ရှေ့မင်းသားပမာ အဖြူတွေ၏ အရေးပေးခြင်းခံနေရသူ ဖြစ်နေပါပြီ။

ဒီနေရာမှာ ဒေါ်စု၏အစ်ကိုတစ်ဝမ်းကွဲ အာဇာနည်ခေါင်းဆောင်ကြီးဦးဘဝင်း၏သား ဒေါက်တာစိန်ဝင်း ဦးဆောင်သော အဝေးရောက်ညွန့်ပေါင်းအစိုးရရဲ့ NCGUB အကြောင်းမပြော၍ မရတော့ပါ။

ဒေါက်တာစိန်ဝင်းသည် အလွန်ရိုးသားသော ကျောင်းဆရာဆိုတာ မည်သူမျှငြင်းနိုင်မည် မဟုတ်ပါ။ သို့သော် နိုင်ငံရေးကိုလည်း **နကန်းတစ်လုံး နားမလည်**သလို **အုပ်ချုပ်မှု** (Management)နှင့် **ပေါ်လစီ** (Policy) ဆိုတာတွေကိုလည်း လုံးဝနားမလည်ပါ။ ထို့ပြင် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲတွင်အနိုင်ရလာသူ အမတ်တွေသာ ဝန်ကြီးဖြစ်ရမည်ဟု ပါလီမန်ဒီမိုကရေစီကျင့်စဉ်လုပ်ထုံးကြီးကို မ,ချလာသဖြင့် နယ်ကျဉ်းကာ ကိုယ့်လည်ပင်း ကိုယ်ကြိုးကွင်းစွပ်မိသလို လူတော်တွေကို စည်းရုံးမထည့်သွင်းနိုင်တော့ပါ။

NCGUB၏အဓိကဦးတည်ချက်သည် မြန်မာနိုင်ငံမှ **နဝတ၊ နအဖ** စစ်အာဏာရှင်အစိုးရကို အသိအမှတ်မပြုရေး၊ NCGUB **ကုလသမဂ္ဂတွင်နေရာရရေး**နှင့်သာ အချိန်ကုန်၊ ငွေကုန်၊ လုပ်ပန်းနှင့် ရှာလည်နေခဲ့ကြပါသည်။

ကုလသမဂ္ဂတွင် ပါလက်စတိုင်းတို့သည် ထိုလမ်းကြောင်းကိုလျှောက်ရင်း မအောင်မြင်ခဲ့မက ကျဆုံးခဲ့ဖူးပါပြီ။ အမေရိကန်က ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဗီတိုကြောင့် အစ္စရေးကို ယနေ့အထိ ဖယ်၍မရပါ၊ ထို့နည်းတူ NCGUB သည်လည်း တရုတ်ဗီတိုကို မကျော်နိုင်ခဲ့ပါ။

အနှစ်(၂၀)ကြာပြီးနောက်ပိုင်း နယ်စပ်ဒေသ၌ တိုင်းရင်းသားများ ဖွဲ့စည်းထားသော NCUB - NCGUB အကြား အားပြိုင်မှုတွေနှင့် အချိန်ကုန် ငွေကုန် ရှာလည်၍ ရှုပ်ထွေးနေကြပါသည်။

အမှန်က NCGUB သာ နိုင်ငံရေး နားလည်မှဲ့လျှင် ဒေါက်တာစိန်ဝင်းသာ အရည်အသွေးပြည့်သော နိုင်ငံရေးသမားဖြစ်ခဲ့လျှင် တစ်ကမ္ဘာလုံး ပြန့်လွင့်လာသော ကျောင်းသားများနှင့် ဒီမိုကရေစီဘက်တော်သားများကို စည်းရုံး၍ နေရာပေးပြီး လုပ်တတ်ပါလျှင် အင်အား တည်ဆောက်နိုင်မည်မှာ မလွဲပါ။

## မင်ဒယ်လားနှင့် အော်လီဗာတမ်ဘို

မင်ဒယ်လား (Mandela) (တောင်အာဖရိကခေါင်းဆောင်) ထောင်ထဲ အကျဉ်းခံနေရစဉ် ထောင်အပြင်တွင်ရှိသော အော်လစ်ဗာတမ်ဘို (Oliver Tambo) က ANC (အာဖရိကအမျိုးသားကွန်ဂရက်)ကို ဦးဆောင်သွားခဲ့ပါတယ်။

လက်နက်ကိုင်တော်လှန်ရေးရော တစ်ကမ္ဘာလုံးက Apartheid ဟုခေါ်သော **လူမည်းတွေကို လူဖြူတွေက နှိမ့်ချဆက်ဆံသောစနစ်**ကို ဆန့်ကျင်လာအောင် စည်းရုံး ဦးဆောင်နိုင်ခဲ့ပါတယ်။ နောက်ဆုံးတက်တွေက

www.free4reader.com

